မာတိကာ

အမှာစကား	၁
ကျမ်းဦးစကား	၅
အခန်း(၁)	
တရုတ်ပြည်ရဲ့အများနဲ့မတူတဲ့ ထူးခြားလက္ခဏာ	၈
အခန်း(၂)	
ဧယဝပ်တွားကာ အရှိအဝေသပြုရခြင်း ပြဿနာနဲ့ ဘိန်းစစ်ပွဲ	၃၈
အခန်း(၃)	
ပြိုင်ဘက်ကင်းအတွင့်အထိပ်ဆီမှ လျော့ကျနိမ့်ဆင်းမှုဆီသို့	၆၃
အခန်း(၄)	
မော်စီတုန်းရဲ့ စဉ်ဆက်မပြတ် တော်လှန်ရေး	၁၀၀
အခန်း(၅)	
သုံးပွင့်ဆိုင်သံတမန်ပရိယာယ် နဲ့ ကိုရီးယားစစ်ပွဲ	၁၂၄
အခန်း(၆)	
အင်အားကြီးနှစ်နိုင်ငံစလုံးကို တရုတ်က ထိပ်တိုက်ရင်ဆိုင်ခြင်း	၁၆၂
အခန်း(၇)	
အကျပ်အတည်းများရဲ့ ဆယ်စုနှစ်	၁၉၇
အခန်း(၈)	
ပြန်လည်ညှိနှိုင်းရေးသို့ သွားရာလမ်း	၂၂၀
အခန်း(၉)	
နှစ်နိုင်ငံဆက်ဆံရေးများပြန်စခြင်း "မော်"နဲ့ "ချူ"တို့ ပထမအကြိမ်ဆုံစည်းခြင်း	၂၅၈
အခန်း(၁၀)	
အယောင်ဆောင်မဟာမိတ် မော်စီတုန်းနဲ့ စကားပြေည်	၃၀၁
အခန်း(၁၁)	
မော်စီတုန်းခေတ်ရဲ့နိဂုံး	၃၂၂
အခန်း (၁၂)	
မြိုချက်လို့မရတဲ့ "တိန်ရှောင်ဖိန်"	၃၅၁
အခန်း (၁၃)	
ရဲရဲဝံ့ဝံ့ အန္တရာယ်ကို ရင်ဆိုင်ခြင်း သို့မဟုတ် တတိယအကြိမ် ဗီယက်နမ်စစ်ပွဲ	၃၇၀
အခန်း (၁၄)	
"ရော်နယ်ရီဂင်"နဲ့ နဂိုအခြေအနေပေါ်ထွန်းမှု	၄၀၀
အခန်း (၁၅)	
တိန်ယန်မင်	၄၄၇
အခန်း (၁၆)	
ဘယ်လိုပြုပြင်ရေး အမျိုးအစားလဲ "တိန်"ရဲ့တရုတ်ပြည်တောင်ပိုင်းခရီး	၄၇၆
အခန်း (၁၇)	
နောက်ထပ်စေ့စပ်ညှိနှိုင်းခြင်းဆီသို့ သည်းဖိုရထား "မိုလာကိုတောစီးခြင်း" (သို့မဟုတ်) "ကျန်ဇီမင်း" ခေတ်	၄၈၄
အခန်း (၁၈)	
ထောင်စုနှစ်သစ်	၅၂၇

အမှာစကား

လွန်ခဲ့တဲ့ အနှစ် ၄၀ တိတိလောက်က၊ သမ္မတနစ်ဆင်က ကျွန်တော့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဝီကင်းကို စေလွှတ်ခဲ့ပါတယ်။ အကြောင်းကတော့ သမိုင်းမှာ အဓိကကျတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ အဆက်အသွယ် ပြန်ထူထောင်ဖို့ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ အနှစ် ၂၀ ကျော် မည်သည့် အဆင့်မြင့်အဆက်အသွယ်မှ မရှိခဲ့ပါဘူး။ ဒီလိုလမ်းဖွင့်တာနဲ့ ပတ်သက်ပြီး အမေရိကန်မှာ ရည်ရွယ်ချက်တစ်ခု ရှိပါတယ်။ အဲဒါကတော့ ဗီယက်နမ်စစ်ရဲ့ ဒုက္ခတွေနဲ့ စစ်အေးတိုက်ပွဲရဲ့ မကောင်းတဲ့ အတိတ်နိမိတ်မြင်ကွင်းတွေကို ကျော်လွှားပြီး ငြိမ်းချမ်းရေးဆိုင်ရာ အမြင်တစ်ရပ်ကို အမေရိကန်ပြည်သူတွေရဲ့ ရှေ့မှောက်မှာ ချပြဖို့ဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ဟာ သီးခြားအစိုးရယ်အရ မဟာမိတ်နိုင်ငံတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံဟာ မော်စကိုရဲ့ ခြိမ်းခြောက်တိုက်ခိုက်မှုတွေကို ခုခံဖို့ ကစားကွက်ရှာနေတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။

ဒီကာလတွေအတွင်းမှာ ကျွန်တော်ဟာ တရုတ်ကိုပြည်ကို အကြိမ်ပေါင်း ၅၀ ကြိမ်ကျော်ကျော် ရောက်ခဲ့ပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရာစုနှစ်တွေအတွင်းက တရုတ်ပြည်ကို လာရောက်ခဲ့ကြတဲ့ ဧည့်သည်များစွာတို့လိုပဲ ကျွန်တော်ကလည်း တရုတ်ပြည်သူတွေ၊ သူတို့ရဲ့ ခံနိုင်ရည်ရှိမှုတွေ၊ သူတို့ရဲ့ သိမ်မွေ့နက်နဲမှုတွေ၊ သူတို့ရဲ့ မိသားစုအသိစိတ်နဲ့ သူတို့ ကိုယ်စားပြုတဲ့ ယဉ်ကျေးမှုတွေကို နှိုးကျူးဂုဏ်ပြုဖို့ လာခဲ့တာပဲဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်ဟာ ကျွန်တော့် ဘဝတစ်လျှောက်လုံးမှာ ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် အဓိကအားဖြင့် အမေရိကန် ရှုထောင့်အမြင်ကနေ ငြိမ်းချမ်းရေး တည်ဆောက်မှုအပေါ် အလေးအနက် စဉ်းစားလာခဲ့သူပါ။ ပြီးတော့ အကြီးတန်း အရာရှိတစ်ဦးအနေနဲ့လည်းကောင်း၊ သတင်းစကားတွေကို သယ်ဆောင်ပေးသူတစ်ဦးအနေနဲ့လည်းကောင်း၊ ပညာရှင်တစ်ဦးအနေနဲ့လည်းကောင်း ဒီလို သဘောထားအယူအဆဆိုင်ရာ ပေါင်းရုံးပါဝင်နေတဲ့ အကြောင်းအရာက် နှစ်ရပ်ကို ဆက်လက်လုပ်ဆောင်ဖို့ ကျွန်တော်ဟာ ကံကောင်းသူတစ်ယောက် ဖြစ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ဒီစာအုပ်ဟာ တရုတ် ခေါင်းဆောင်တွေနဲ့ စကားစမြည် ပြောဆိုမှုအပေါ် တစ်စိတ်တစ်ပိုင်း အခြေခံပြီး စစ်နဲ့ ငြိမ်းချမ်းရေးပြဿနာ၊ နိုင်ငံတကာစနစ်ပြဿနာတို့အပေါ် တရုတ်ရဲ့ စဉ်းစားမှုကို ကျွန်တော်က အမြင်သဘောထားအပေါ် အခြေခံတဲ့ နည်းလမ်းနဲ့ ရှင်းလင်းပြဖို့ ကြိုးပမ်းအားထုတ်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ပိုမို လက်တွေ့ကျပြီး အကြောင်းအရာတစ်ခုချင်းစီအလိုက်ဖြစ်တဲ့ အမေရိကန်ရဲ့ ချဉ်းကပ်မှုနဲ့ ပတ်သက်ပြီး တရုတ်ရဲ့ ဆက်ဆံရေးကို ရှင်းပြဖို့ ကြိုးပမ်းအားထုတ်မှုတစ်ရပ်လည်း ဖြစ်ပါတယ်။ မတူခြားနားတဲ့ သမိုင်းတွေနဲ့ ယဉ်ကျေးမှုတွေက တစ်ခါတစ်ရံမှ ကွဲလွဲတဲ့ ကောက်ချက်တွေကို မွေးထုတ်ပေးပါတယ်။ တရုတ်တို့ရဲ့ အမြင်ရှုထောင့်ကို ကျွန်တော်ဟာ အမြဲ သဘောတူတာတော့

မဟုတ်ပါဘူး။ စာဖတ်သူတွေကလည်း ဒီအတိုင်းပဲ သဘောတူကြမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါကို နားလည်ဖို့တော့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၁ ရာစု ကမ္ဘာကြီးမှာ တရုတ်ဟာ ဒီလိုကြီးမားတဲ့ အခန်းကဏ္ဍကနေ ပါဝင်အသုံးတော်ခံမှာဖြစ်လို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ ပထမဆုံး အလည်အပတ်ခရီးကတည်းကပင် တရုတ်ဟာ စီးပွားရေး အင်အားကြီး နိုင်ငံတစ်နိုင်ငံ ဖြစ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးစနစ်ကို ပုံဖော်ရာမှာလည်း အဓိကကျတဲ့ အကြောင်းရင်းခံ ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ စစ်အေးတိုက်ပွဲထဲမှာ အနိုင်ရခဲ့တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ပြီးတော့ အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်ပြည်အကြား ဆက်ဆံရေးဟာလည်း ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ကမ္ဘာလုံးဆိုင်ရာ သုခချမ်းသာကို ရှာဖွေရာမှာ အဓိကကျတဲ့ လိုအပ်ချက်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

အမေရိကန် သမ္မတ ၈ ဦးနဲ့ တရုတ်ခေါင်းဆောင် မျိုးဆက် ၄ ဆက်တို့ဟာ ဒီနူးညံ့သိမ်မွေ့တဲ့ ဆက်ဆံရေးကို အံ့အားသင့်စရာ ကောင်းလောက်အောင် တသမတ်တည်း ဖြစ်တဲ့ပုံစံနဲ့ စီမံခဲ့ကြပါတယ်။ ဘက်နှစ်ဘက်စလုံးက သမိုင်းဝင်အမွေအနှစ်တွေနဲ့ နိုင်ငံပိုင်ရာစနစ်ရဲ့ မတူခြားနားတဲ့ ထင်မြင်ချက်တွေကို ခွင့်ပြုဖို့ ငြင်းဆန်ခဲ့ကြပါတယ်။ ဒါဟာလည်း သူတို့ရဲ့ အခြေခံအားဖြင့် ပူးပေါင်းဆောင်ရွက်တဲ့ ဆက်ဆံမှုကို အဟန့်အတား၊ အနှောင့်အယှက် မဖြစ်စေဖို့ ဖြစ်ပါတယ်။

ဒီခရီးဟာ ခက်ခဲရှုပ်ထွေးတဲ့ ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူ့အဖွဲ့အစည်း နှစ်ခုစလုံးက အတူမရှိတဲ့ တန်ဖိုးတွေကို ကိုယ်စားပြုထားတယ်လို့ ယုံကြည်ထားကြလို့ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ ထူးခြားချက်အတွေးအခေါ်မှာက သာသနာပြုဆိုင်ရာထူးခြားချက် ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့တန်ဖိုးတွေကို ကမ္ဘာ့အစိတ်အပိုင်းတိုင်းဆီ ဖြန့်ကျက်ဖို့အတွက် သူ့မှာ တာဝန်ရှိတယ်လို့ဆိုတဲ့ အတွေးမှာက ဆုပ်ကိုင်ပါတယ်။ တရုတ်ရဲ့ ထူးခြားချက် အတွေးအခေါ်မှာကတော့ ယဉ်ကျေးမှုနဲ့ ထူးခြားချက်ဖြစ်ပါတယ်။ တရုတ်ဟာ သူ့အယူအဆတွေကို လက်ခံအောင် ပျောင်းဖျသွေးဆောင်တာမျိုး မလုပ်ပါဘူး။ တရုတ်ဟာ သူ့ရဲ့ ခေတ်ပြိုင်အခြေအနေတွေကို တရုတ်နိုင်ငံ အပြင်ဘက်မှာလည်း ဆီလျော်နေတယ်လို့ မတောင်းဆိုပါဘူး။

ဒါဟာ အလယ်မင်းဆက်ရဲ့ နိုးရာအစဉ်အလာနဲ့ ပတ်သက်ပြီး အမွေဆက်ခံတာ ဖြစ်ပေမယ်လို့ ဒီနိုးရာအစဉ်အလာဟာ တရုတ်ယဉ်ကျေးမှု၊ တရုတ်နိုင်ငံရေးပုံစံတွေ၊ တစ်နည်းပြောရရင် ကမ္ဘာ့လုံးဆိုင်ရာ ယဉ်ကျေးမှုပုံနှံ့မှု အမျိုးအစားတွေရဲ့ အမျိုးမျိုးသော အဆင့်တွေအဖြစ် တခြားနိုင်ငံအားလုံးကို စနစ်တကျ အဆင့်ခွဲထားတဲ့ အစဉ်အလာတစ်ခုဖြစ်ပါတယ်။

ဒီစာအုပ်ရဲ့ ဦးစားပေးအာရုံစိုက်မှုကတော့ ၁၉၄၉ ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ချိန်ကတည်းက အမေရိကန် ခေါင်းဆောင်တွေနဲ့ တရုတ်ခေါင်းဆောင် တွေအကြား အပြန်အလှန် အကျိုးပြုမှု ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား အိမ်ဦးနဲ့ ကြမ်းပြင် သွားနေရတဲ့ခရီးမှာ တရုတ် ခေါင်းဆောင်မျိုးဆက် ၄ ဆက်နဲ့ ကျွန်တော်ရဲ့ စကားစမြည်ပြောဆိုခဲ့တဲ့ မှတ်တမ်းတွေကို ကျွန်တော်ဟာ သိမ်းဆည်းထားခဲ့ပါတယ်။ ပြီးတော့ ဒီစာအုပ်ရေးသားရာမှာ အရင်းခံကျတဲ့ ရင်းမြစ်တွေအဖြစ် အဲ့ဒီမှတ်တမ်းတွေထဲက ထုတ်ယူခဲ့ပါတယ်။

အလုပ်ကိစ္စတွင် မြုပ်နှံထားသူတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဒါမှမဟုတ် မိတ်ဆွေတွေရဲ့ အကူအညီတွေ မပါဘဲနဲ့ ဒီစာအုပ်ကို ရေးနိုင်မှာ မဟုတ်ပါဘူး။ ဒီလူတွေဟာ ဒီစာအုပ်ကို

ရေးရာမှာ အကူအညီအတွက် သူတို့အပေါ် အခွင့်အရေးယူဖို့ ကျွန်တော့်ကို ခွင့်ပြုခဲ့တဲ့သူတွေ ဖြစ်ပါတယ်။

ရှူိုင်လာ ရှုရောင်တန် (Schuyler Schouten) ဟာ ကျွန်တော့် စာအုပ်အတွက် မရှိမဖြစ် လူတစ်ယောက်ဖြစ်ပါတယ်။ ရေးတဲ့သူလည်းပါပေမဲ့ **ဂျွန်ဂတ်ဒစ်** (John Gaddis) က လွန်ခဲ့တဲ့ ၈ နှစ်ကတည်းက ရှုရောင်တန်ဟာ သူ့ရဲ့ အတော်ဆုံး ကျောင်းသားထဲက တစ်ယောက်ဖြစ်တယ်လို့ အကြံပြုထောက်ခံခဲ့တယ်။ အဲဒီကတည်းက ကျွန်တော်ဟာ အဲဒီကျောင်းသားကို သတိထားလာခဲ့တယ်။ ဒီပရောဂျက်ကို ကျွန်တော်စတင်ချိန်မှာ သူ့ရဲ့ပညာရေးလုပ်ငန်းကနေ ခွင့်နှစ်လယူဖို့ သူ့ကို ကျွန်တော်က တောင်းဆိုခဲ့ပါတယ်။ သူက ကျွန်တော် တောင်းဆိုချက်အတိုင်း လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် လုပ်ငန်းစဉ်ထဲမှာ သူဟာ အတော်ပတ်သက်လာပါတယ်။ ပရောဂျက်ရဲ့ နိဂုံးတစ်လျှောက် အကျိုးရလဒ်ကို တစ်နှစ်အကြာမှာ သူဟာ တွေ့မြင်ခဲ့ရပါတယ်။ သူဟာ အခြေခံ သုတေသန အများအပြားကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ တရုတ်စာပိုဒ် ဘာသာပြန်တွေနဲ့လည်း ကျွန်တော့်ကို အကူအညီ ပေးခဲ့ပါတယ်။ ထိုးထွင်းသိမြင်သူတချို့ရဲ့ သွယ်ဝိုက်ပတ်သက်ခြင်းတွေကိုပင်လျှင် ထွင်းဖောက်သိမြင်ခြင်းအားဖြင့် ကျွန်တော့်ကို အကူအညီပေးခဲ့ပါတယ်။ တည်းဖြတ်ခြင်း၊ စာပြင်ခြင်းတွေမှာလည်း သူဟာ မမောနိုင်မပန်းနိုင်အောင် လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော့်မှာ သူ့ထက်ကောင်းတဲ့ သုတေသန လုပ်ဖော်ကိုင်ဖက် တစ်ယောက် နောင်ဘယ်တော့မှ ရှိတော့မှာ မဟုတ်ပါဘူး။

ကျွန်တော်ရဲ့ လွှင်ရှားမှု အစမှအဆုံး ဆယ်စုနှစ်ကာလတစ်လျှောက် ကျွန်တော်နဲ့အတူတူ အလုပ်လုပ်တဲ့ **စတော်ဖိန်းဂျုန်ဂါ–မုတ်** (Stephaine Junger-Moat) တစ်ယောက်လည်း ကျွန်တော့်မှာ ရှိဖို့ဆိုတာကလည်း ကျွန်တော့်ရဲ့ ကံကောင်းမှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ သူမဟာ ဘေ့စ်ဘောအသင်း တစ်သင်းရဲ့ မရှိမဖြစ် ကစားသမားတစ်ယောက်လိုမျိုး ဖြစ်ပါတယ်။ သူမဟာ သုတေသနတချို့၊ တည်းဖြတ်မှုတချို့နဲ့ ထုတ်ဝေသူနဲ့ အဓိက ဆက်ဆံတဲ့ အလုပ်တွေ လုပ်ခဲ့ပါတယ်။ စာအုပ်နောက်ဆုံးမှာ ဖော်ပြခဲ့တဲ့ မှတ်စုတွေကိုလည်း စစ်ဆေးခဲ့ပါတယ်။ လက်နှိပ်စက်ရိုက်ရာမှာလည်း ချိတ်ဆက်မှု ရှိစေဖို့ ကူညီခဲ့ပါတယ်။ ပြီးစီးဖို့ သတ်မှတ်ထားတဲ့ နောက်ဆုံးအချိန် ရောက်တဲ့အခါ မျိုးမှာတောင် လုပ်ငန်းမှာ ပါဝင်ဖို့ သူမဟာ တာဝန်မလေးခဲ့ပါဘူး။ သူမရဲ့ နှစ်လိုဖွယ် ရှိတဲ့ အသွင်အပြင်နဲ့ သံတမန်ဆက်ဆံရေး ကျွမ်းကျင်မှုတို့က သူမရဲ့ အရေးပါတဲ့ ဆောင်ရွက်ချက်တွေကို အားဖြည့်ပေးခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ် ၃၀ က **ဟာရီအီဗန်** (Harry Evans)က White House Years (အိမ်ဖြူတော်နှစ်ကာလများ) စာအုပ်ကို တည်းဖြတ်ထုတ်ဝေခဲ့ပါတယ်။ ဒီစာအုပ်ရဲ့ လက်ရေးမူတစ်ခုလုံးကို စစ်ဆေးဖို့ သူက ကျွန်တော့်ကို ခွင့်ပြုခဲ့ပါတယ်။ ဒါဟာ သူနဲ့ ကျွန်တော် မိတ်ဆွေဖြစ်မှုကို ကျွန်တော်က အခွင့်ကောင်းယူလို့ သူက ကျွန်တော့်ကို ခွင့်ပြုတာပါ။ သူ့ရဲ့ တည်းဖြတ်မှုဆိုင်ရာနဲ့ ဝေဟာပွဲ့စည်းမှုဆိုင်ရာ အကြံပြုချက်တွေက အများအပြားပါပဲ၊ အမျှော်အမြင်ရှိတဲ့ အကြံပြုချက်တွေလည်း ဖြစ်ပါတယ်။

သီရီစာအာမင်တီရာ (Theresa Amantea) နဲ့ ဂျိုဒီဝီလီယံ (Jody Williams) တို့ကတော့ လက်ရေးမူကို အကြိမ်ပေါင်းများစွာ လက်နှိပ်စက် ရိုက်ပေးခဲ့ကြတဲ့သူတွေပါ။ ညနေခင်းပေါင်းများစွာနဲ့ နေ့ တနင်္ဂနွေပေါင်းများစွာကို အသုံးပြုပြီး ပြီးဆုံးရမယ့် သတ်မှတ်ချိန်ကို ရင်ဆိုင်ရာမှာ ကျွန်တော့်ကို အကူအညီပေးခဲ့ကြပါတယ်။ အသေးစိတ် အချက်အလက်တွေအတွက် သူတို့ရဲ့ မျက်စိရှင်မှု၊ သူတို့ရဲ့

စွမ်းဆောင်ရည်ရှိမှုနဲ့ ကောင်းတဲ့ အားပေးမှုတွေက အလွန်အရေးပါပါတယ်။

စတက်ပ်လီတန်ရွိုင်(Stapleton Roy)ကတော့ တရုတ်ပြည်ဆိုင်ရာ အမေရိကန် သံအမတ်ဟောင်းဖြစ်ပါတယ်။ ပြီးတော့ အောင်မြင်ကျော်ကြားတဲ့ တရုတ်ဆိုင်ရာ ပညာရှင်လည်း ဖြစ်ပါတယ်။ **ဝင်စတန်လော့ဒ်** (Winston Lord)ကတော့ တရုတ်ပြည်တံခါးဖွင့်စဉ်အတွင်းက ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်ပါတယ်။ နောက်ပိုင်းမှာ တရုတ်ပြည်ဆိုင်ရာ အမေရိကန် သံအမတ် ဖြစ်သွားပါတယ်။ ကျွန်တော့်ရဲ့ စာပေဆိုင်ရာအတည်ပြုသူဖြစ်တဲ့ **ဒစ်ကဗ်ဗက်စ်** (Dick Viets) က စာအုပ်ရဲ့ အခန်းတချို့ကို ဖတ်ပြီး ထိုးထွင်းအမြင်ရှိတဲ့ သုံးသပ်ချက်ကို ပေးပါတယ်။ **ဂျွန်ဗန်ဒန် ဟူဗယ်** (Jon Vanden Heuvel)က အခန်းတချို့နဲ့ ပတ်သက်တဲ့ အကူအညီ ဖြစ်စေတဲ့ သုတေသနတွေကို စီစဉ်ပေးပါတယ်။

စာအုပ်ကို ပင်ဂွင်းပုံနှိပ်တိုက်ကနေ ပုံနှိပ်ထုတ်ဝေလိုက်ရတာဟာ အလွန်ပျော် စရာကောင်းတဲ့ အတွေ့အကြုံတစ်ခုပါ။ **အန်းဂေါ်ဒေါ့ဖ်**(Ann Godoff)ကတော့ အမြဲတမ်းအကျိုးရှိအောင် အသုံးပြုနိုင်တဲ့၊ အစဉ်ထိုးထွင်းအမြင်ရှိတဲ့၊ ဘယ်တော့မှ ဗျာများမနေတဲ့၊ ကျိုးကြောင်းဆီလျော်တာကို နားလည်သူ ဖြစ်တယ်။ **ဘရုစ် ဂီဖော့ဒ်စ်** (Bruce Giffords)၊ **နီရင်လူးကက်စ်** (Nairin Lucas)နဲ့ **တိုရီကလိုဆယ်** (Tory Klose) တို့ ကတော့ အယ်ဒီတာဆိုင်ရာ ထုတ်လုပ်မှုဖြစ်စဉ်ကတစ်ဆင့် စာအုပ်ကို လမ်းပြ ရှေ့ဆောင်ခဲ့ကြပါတယ်။ **ဖရက်ချေ့စ်** (Fred Chase)ကတော့ လက်ရေးမူကို ဂရုတစိုက်နဲ့ စွမ်းဆောင်ရည် ရှိစွာ အမှားပြင်ပြီး ပုံနှိပ်ရန် ပြင်ဆင်ပေးပါတယ်။ **လော်ရာစတစ်နေး** (Laura Stickney)ကတော့ စာအုပ်ရဲ့ အဓိက အယ်ဒီတာပါ။ ကျွန်တော့် မြေးမလေးထက်ပင် ငယ်တဲ့သူမဟာ စာရေးသူရဲ့ အတော်အသင့် ဝေါက်ငမ်းတာကိုတော့ ခံရပါတယ်။ ကျွန်တော့်ရဲ့ နိုင်ငံရေးအမြင်နဲ့ ပတ်သက်ပြီး သူမအနေနဲ့ သံသယတွေ ဖြစ်တဲ့အခါ ဒီသံသယတွေကို ကျော်လွှားနိုင်ဖို့အတွက် သူမဟာ ကျွန်တော့်ကို လေသံမာမာနဲ့ မေးမြန်းတာတွေကို ကြုံရတတ်ပါတယ်။ ကျွန်တော့လက်ရေးမူနဲ့ပတ်သက်ပြီး ဘေးမျဉ်းပေါ်မှာ ပြတ်သားတဲ့ သုံးသပ်ချက်တွေ ရေးသားတာကိုလည်း ကြုံရတတ်ပါတယ်။ တကယ်တော့ သူမဟာ မဆုတ်မနစ် လုံ့လရှိတဲ့၊ ယထာဘူတကျတဲ့၊ အလွန် အသုံးဝင်တဲ့သူ ဖြစ်ပါတယ်။

ဒီလူတွေ အားလုံးကို ကျွန်တော် အလွန်ကျေးဇူးတင်ပါတယ်။

ကျွန်တော် ထုတ်နုတ်ရယူခဲ့တဲ့ အစိုးရရဲ့ စာရွက်စာတမ်းတွေဟာ၊ အချိန်ကာလတချို့အတွက် လျှို့ဝှက်အဆင့်အတန်း လျှော့ချသတ်မှတ်ထားပြီးဖြစ်တဲ့ ရုရှားနဲ့ တရုတ်တို့ရဲ့ စာရွက်စာတမ်းများဆိုင်ရာ မော်ကွန်းမှ တိုးချဲ့ထားတဲ့ ကောက်နုတ်ချက်တွေကို အသုံးပြုခွင့်ပေးတဲ့ 'ဝုဒရိုးဝီလ်ဆင်' အပြည်ပြည်ဆိုင်ရာ ပေါ်ဦှာနကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ 'ကာတာ'သမ္မတဖြစ်နေစဉ် ကာလအတွင်းက တရုတ်ခေါင်းဆောင် တွေနဲ့ ပြုလုပ်တဲ့ အစည်းအဝေးတွေရဲ့ ရနိုင်တဲ့မှတ်တမ်းတွေကို ကူညီမှုအပြည့်နဲ့ ဖန်တီးပေးတဲ့ 'ကာတာ စာကြည့်တိုက်'ကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့ မှတ်တမ်းများထဲမှ အသုံးဝင်တဲ့ စာရွက်စာတမ်း၊ အပြောက်အမြားကို စီစဉ်ပေးတဲ့ 'ရီဂင် စာကြည့်တိုက်'ကိုလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။

စာအုပ်ရဲ့ ချို့ယွင်းချက်၊ အားနည်းချက်တွေဟာ ကျွန်တော်ရဲ့ ချို့ယွင်းချက်၊ အားနည်းချက်တွေ ဖြစ်တယ်ဆိုတာ ပြောစရာလိုမယ် မထင်ပါဘူး။

ဟင်နရီကစ်ဆင်းဂျား

နယူးယောက်၊ ဇန်နဝါရီ ၂၀၁၁